ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပဲခူးတိုင်းဒေသကြီးလွှတ်တော်

# ၂၀၁၇ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပဲခူးတိုင်းဒေသကြီးလွှတ်တော်

၂၀၁၇ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီး၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

(၂၀၁၇ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၃ ။)

၁၃၇၉ ခုနှစ်၊ ကဆုန်လဆုတ် ၅ ရက်

(၂၀၁၇ ခုနှစ်၊ မေလ ၁၅ ရက်)

ပဲခူးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အပိုင်း ၁

## အမည်နှင့်စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၇ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွက်သက်ဆိုင်စေပြီး ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

## အပိုင်း ၂

## တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

### အခန်း(၁)

### ရငွေများနှင့်သုံးငွေများ

၂။ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် တိုင်းဒေသကြီး၏ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့်လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့

ဆောင်ရွက်၍ရသော ရငွေများကို တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေသို့ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို တိုင်းဒေသကြီး၏ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊တိုင်းဒေသကြီးဝန်ကြီးဌာနများ၊တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်း ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊(၂)၊(၃)နှင့်(၄)တို့တွင် မိမိနှင့်ယှဉ်တွဲ ဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ် ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်၊

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်၊

(ဂ) ရငွေများကို စီမံကြီးကြပ် ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း၊ ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊အမိန့်များ၊ညွှန်ကြားချက်များ၊လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်၊

(ဃ) ဇယား(၁)နှင့်(၃)တို့တွင် ဖော်ပြလျာထားသောရငွေများအနက် ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ၊ ချေးယူရငွေတို့သည် လျာထားသည်ထက် ပိုမိုရရှိလျှင် ယင်းသို့ ပိုမိုရရှိသော ငွေများဖြင့် ဆက်နွယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား (၂) နှင့် (၄)တို့တွင် ဖော်ပြခွင့်ပြုထားသော သုံးငွေများထက် ပိုမိုသုံးစွဲရန် လိုအပ်ပါက တိုင်းဒေသကြီးအစိုးရအဖွဲ့က စိစစ်သုံး

သပ်၍ တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

## အခန်း (၂)

## တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ စည်ပင်သာယာရေးအဖွဲ့များနှင့်ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်များ

၄။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက်တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေရသော ရငွေများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှဖြစ်ပေါ်သောပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်းထည့်သွင်းဖော်ပြရမည်။ အခွန်ဆိုင်ရာဥပဒေများနှင့်အညီရသင့်ရထိုက်သော အခွန်ငွေများ အပြည့်အဝရရှိစေရမည်၊

(ခ) တိုင်းဒေသကြီးအစိုးရအဖွဲ့၊တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် သုံးငွေများကိုစီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော

သုံးငွေများအတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်များအရ ငွေစာရင်း ခေါင်းစဉ်လွှဲပြောင်းပေးနိုင်သည်။ ထိုသို့ ခေါင်းစဉ်လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပုဒ်မ ၃ ပုဒ်မခွဲ (ဃ)အရ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍ လည်းကောင်း တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် လည်းကောင်း ထည့်သွင်းဖော်ပြရမည်၊

(ဂ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ဤဥပဒေ၏ ပုဒ်မ ၃ ပုဒ်မခွဲ (ဃ)အရ ပိုမိုသုံးစွဲရန်ခွင့်ပြုသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရမည်။

၅။ တိုင်းဒေသကြီးအဆင့် ဌာနအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေး အဖွဲ့များသည် မိမိတို့နှင့် သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အခန်း(၃)
## ပြည်ပအကူအညီရယူခြင်း

၆။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးအဆင့်ဌာန၊ အဖွဲ့အစည်း၏ လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် ပြည်ပအကူအညီကိုငွေသား၊ပစ္စည်း၊ဆောင်ရွက်ပေးမှုတို့ဖြင့်ရယူခွင့်ပြုနိုင်သည်။ ထိုသို့ပြည်ပအကူအညီရယူခွင့်ပြုခြင်းကို အနီးစပ်

ဆိုးကျင်းပသည့် တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေး တွင်တင်ပြရမည်။

၇။ ဇယား(၁)တွင် ဖော်ပြလျာထားသော ပြည်ပအကူအညီရငွေသည် လျာထားသည်ထက်ပိုမိုရရှိလျှင် ယင်းသို့ပိုမိုရရှိသော ငွေများဖြင့် ဆက်နွှယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား(၂)တွင် ဖော်ပြခွင့်ပြုသော သုံးငွေများထက် ပိုမိုသုံးစွဲရန်လိုအပ်ပါကအောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေမပြဋ္ဌာန်းမီဖြစ်လျှင် တိုင်းဒေသကြီးအစိုးရအဖွဲ့ကစိစစ်သုံးသပ်၍ ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲခြင်း နည်းလမ်း၊ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံသည့် နည်းလမ်းတို့ဖြင့် ခွင့်ပြုနိုင်သည်။ ယင်းသို့ ခွင့်ပြုသည့် သုံးငွေများကို ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေပြဋ္ဌာန်း ပြီးနောက်ဖြစ်လျှင် ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲခြင်း နည်းလမ်းဖြင့် ခွင့်ပြုနိုင်သည်။ ယင်းသို့ခွင့်ပြုသည့် သုံးငွေများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

## အပိုင်း ၃
## တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ
### အခန်း(၁)
### ရငွေများနှင့်သုံးငွေများ

၈။ (က) တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်ရေးနှင့် မိမိတို့၏ ငွေကြေးအင်အားအပေါ် မိမိတို့ရပ်တည်နိုင်ရေးမူနှင့်အညီ ဆောင်ရွက်ကြရာတွင် အဖွဲ့အစည်းများအလိုက် ကုန်ပစ္စည်းထုတ်လုပ်မှု၊ ဆောင်

ရှက်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းများအတွက် လိုအပ်သည့် သာမန်အသုံးစရိတ်များသုံးစွဲမှုကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ သတ်မှတ်ချက်နှင့်အညီ မိမိတို့၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်၊

(ခ) တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ငွေလုံးငွေရင်းအသုံးစရိတ်များကို တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၉။ တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ငွေအဝင်နှင့်အထွက်ကို စာရင်းပြုစုရန် အလို့ငှာ တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေစာရင်းတွင် ဖော်ပြရမည်။

၁၀။ (က) ဇယား(၅)နှင့်(၆)တို့တွင်ဖော်ပြထားသည့် ရငွေများနှင့် သုံးငွေများသည် တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက် အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရန်ရည်မှန်းထားသောငွေများဖြစ်သည်၊

(ခ) တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၅)နှင့်(၆) တို့တွင် မိမိနှင့်ယှဉ်တွဲ ဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ် ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်၊

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကိုစီမံခန့်ခွဲရာတွင်လည်းကောင်း၊ ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း(၂)

## တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့်ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်များ

၁၁။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးအဆင့်

နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းအရ လိုအပ်လျှင်ဤဥပဒေ၏ ဇယား (၅)နှင့် (၆)တို့တွင်ဖော်ပြထားသော ငွေများကို ဤဥပဒေအရ ခွင့်ပြုထားသော ငွေများအတွင်းစိစစ်သုံးသပ်၍ ပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့တင်ပြသော၂၀၁၇-၂၀၁၈ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်၊

(ခ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ရန်လိုအပ်သည့်လုပ်ငန်းသုံးရင်းနှီးငွေကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် လိုအပ်သည့်ငွေကိုလည်းကောင်း၊ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ၊ ပြည်ထောင်စုအစိုးရသို့ တင်ပြခွင့်ပြုချက်ရယူဆောင်ရွက်ခြင်းပြုနိုင်သည်၊

(ဂ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်၊

(ဃ) သုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ပြောင်းလဲပေးနိုင်သည်။ ထိုသို့သုံးငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့တင်ပြသော ၂၀၁၇-၂၀၁၈ခုနှစ်အတွက် ငွေစာရင်းများတင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသောငွေများပြောင်းလဲခြင်းကို ကိစ္စတစ်ရပ်ခြင်းအကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း အနီးစပ်ဆုံးကျင်းပသည့် တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးသို့တင်ပြ၍ ခွင့်ပြုချက်ရယူပြီးပြောင်းလဲပေးနိုင်သည်။

## အခန်း(၃)
## တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဆိုင်ရာလုပ်ပိုင်ခွင့်များ

၁၂။ (က) တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ဇယား(၅)နှင့်(၆)တို့တွင် ဖော်ပြထားသော သက်ဆိုင်ရာတာဝန်ခံပုဂ္ဂိုလ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မိမိတို့၏လုပ်ငန်းများကို စီမံခန့်ခွဲရမည်၊

(ခ) ဇယား(၅)နှင့်(၆)တို့တွင် ဖော်ပြထားသော ငွေများကို နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက မိမိတို့လုပ်ငန်းလိုအပ်ချက်အရ ပြောင်းလဲလိုပါက ဤဥပဒေအရခွင့်ပြုထားသော ငွေများအတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြနိုင်သည်၊

(ဂ) သုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သည်ပြောင်းလဲပေးနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဝင်းသိန်း
ဝန်ကြီးချုပ်
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး

ဇယား(၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြား သာမန် ရငွေ | အတိုးရငွေ | ငွေလုံး ငွေရင်း ရငွေ | ပြည်ပ အကူအညီ ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများ တွင်ရင်းနှီးငွေ မှရငွေ |
| | | | | | | | | | | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၁၀၂၁၄.၈၄၉ | | | ၂၃၀.၇၁၉ | ၂၈၀၀.၀၀၀ | | | |
| ၂ | တိုင်းဒေသကြီးတရားလွှတ်တော် | တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၅၄၁.၉၅၆ | | | | | | | |
| ၃ | တိုင်းဒေသကြီးဥပဒေချုပ်ရုံး | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | | | ၀.၇၄၃ | | | | | | | |
| ၄ | တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၁၁.၂၈၂ | | | | | | | |
| | ပေါင်း | | | | ၁၀၇၆၈.၈၃၀ | | | ၂၃၀.၇၁၉ | ၂၈၀၀.၀၀၀ | | | |

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး

ဇယား(၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | ကြွေးမြီ | | အဖွဲ့အစည်းများတွင် |
|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ထုတ်ချေးငွေ | ချေးယူရငွေ အတွက်ပေးဆပ်ငွေ | ရင်းနှီးငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂၁၁၁၈.၃၉၄ | | ၃၁၈၀.၇၁၉ | ၇၃၂၉.၅၇၅ | | | |
| ၂ | တိုင်းဒေသကြီးလွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ // သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ // | ၉၉၂.၁၉၈ | | | ၂၆.၇၇၀ | | | |
| ၃ | တိုင်းဒေသကြီးတရားလွှတ်တော် | တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | ၆၆.၉၃၄ | | | | | | |
| ၄ | တိုင်းဒေသကြီးဥပဒေချုပ်ရုံး | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | ၅၈၆.၆၅၀ | | | ၆၈.၄၄၆ | | | |
| ၅ | တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၁၅၀၁.၄၈၅ | | | ၁၇၀.၉၈၅ | | | |
| | ပေါင်း | | ၂၄၂၆၅.၆၆၁ | | ၃၁၈၀.၇၁၉ | ၇၅၉၅.၇၇၆ | | | |

# တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြား သာမန် ရငွေ | အတိုးရငွေ | ငွေလုံး ငွေရင်း ရငွေ | ပြည်ပ အကူအညီ ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ: ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများ တွင်ရင်းနှီးငွေ မှရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | | ပြည်တွင်းထွက်ကုန်နှင့်ပြည်သူပြည်သားများ သုံးစွဲမှုအပေါ်တွင်ကောက်ခံသည့် အခွန်အကောက် | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂၂၂၈.၂၆၈ | | | | | | | | | |
| | ၁ | ယစ်မျိုးခွန် | | ၂၂၂၈.၂၆၈ | | | | | | | | | |
| ၂ | | နိုင်ငံပိုင်ပစ္စည်းများအသုံးပြုသည့်အပေါ် ကောက်ခံသည့်အခွန်အကောက် | ၎င်း | ၁၇၈၉.၃၇၇ | | | | | | | | | |
| | ၁ | မြေယာပေါ်တွင်ကောက်ခံသည့်အခွန် | | ၂၃၈.၄၃၁ | | | | | | | | | |
| | ၂ | တာတမံခွန် | | ၁.၆၄၉ | | | | | | | | | |
| | ၃ | သစ်တောများမှပစ္စည်းများထုတ်ယူသည့် အတွက်ကောက်ခံသည့်အခွန် | | ၁၉၁.၃၉၁ | | | | | | | | | |
| | ၄ | ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့် အတွက်ကောက်ခံသည့်အခွန် | | ၁၅၉.၉၀၆ | | | | | | | | | |
| | ၅ | အင်းအိုင်ခွန် | | ၁၁၉၈.၀၀၀ | | | | | | | | | |
| ၃ | | စည်ပင်သာယာရေးအဖွဲ့များမှ ကောက်ခံသည့်အခွန် | ၎င်း | ၁၀၄၀.၈၀၇ | | | | | | | | | |
| | ၁ | ပစ္စည်းခွန် | | ၇၇၆.၅၆၅ | | | | | | | | | |
| | ၂ | ဘီးခွန် | | ၂၆၄.၂၄၂ | | | | | | | | | |
| ၄ | | တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှရငွေ | ၎င်း | | ၀.၉၀၁ | | | | | | | | |
| | | ပေါင်း: | | ၅၀၅၈.၄၅၂ | ၀.၉၀၁ | | | | | | | | |

တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)။ ။အဆက်

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြား သာမန် ရငွေ | အတိုးရငွေ | ငွေလုံး ငွေရင်း ရငွေ | ပြည်ပ အကူအညီ ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြေးမြီ | | အဖွဲ့အစည်းများ တွင်ရင်းနှီးငွေ မှရငွေ |
| | | | | | | | | | | | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၅ | | **ပြည်ထဲရေး** | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | | | **၃၉.၀၃၃** | | | | | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | ၃၆.၈၇၈ | | | | | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | | ၀.၀၃၀ | | | | | | | |
| | ၃ | မီးသတ်ဦးစီးဌာန | | | | ၂.၁၂၅ | | | | | | | |
| ၆ | | **စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း** | ၎င်း | | | **၁၀၂.၁၆၇** | | | | | | | |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | | | ၂၂.၁၆၄ | | | | | | | |
| | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | | | ၃၀.၃၃၂ | | | | | | | |
| | ၃ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | | | ၁၂.၆၀၇ | | | | | | | |
| | ၄ | ပျားလုပ်ငန်းဌာန | | | | ၁၂.၁၅၈ | | | | | | | |
| | ၅ | သမဝါယမဦးစီးဌာန | | | | ၂၃.၂၁၀ | | | | | | | |
| | ၆ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | | | ၁.၆၉၆ | | | | | | | |
| ၇ | | **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၎င်း | | | **၃၀.၇၆၂** | | | | | | | |
| | ၁ | သစ်တောဦးစီးဌာန | | | | ၃၀.၆၈၂ | | | | | | | |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | | | ၀.၀၈၀ | | | | | | | |
| ၈ | | **ကျန်းမာရေးနှင့်အားကစား** | ၎င်း | | | **၁၁.၇၀၁** | | | | | | | |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | | | ၁၁.၇၀၁ | | | | | | | |

တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)။ ။အဆုံး

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြား သာမန် ရငွေ | အတိုးရငွေ | ငွေလုံး ငွေရင်း ရငွေ | ပြည်ပ အကူအညီ ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများ တွင်ရင်းနှီးငွေ မှရငွေ |
| | | | | | | | | | | | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၉ | | စီမံကိန်းနှင့်ဘဏ္ဍာရေး | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၀.၁၄၅ | | | | ၁၂၇၆၉၁.၄၇၅ | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | ၀.၀၄၂ | | | | | | | |
| | ၂ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | ၀.၁၀၃ | | | | ၁၂၇၆၉၁.၄၇၅ | | | |
| ၁၀ | | ဆောက်လုပ်ရေး | ၎င်း | | | ၁၅၅.၆၀၇ | | | | | | | |
| | ၁ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၇၆.၂၇၅ | | | | | | | |
| | ၂ | လမ်းဦးစီးဌာန | | | | ၇၉.၃၃၂ | | | | | | | |
| ၁၁ | | စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | | | ၁၁၁၆၅.၁၆၅ | | | | | | | |
| | | ပေါင်း | | | | ၁၁၅၀၄.၅၈၀ | | | | ၁၂၇၆၉၁.၄၇၅ | | | |

# တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၄)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | ကြွေးမြီ | | အဖွဲ့အစည်းများတွင် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ထုတ်ချေးငွေ | ချေးယူရငွေ အတွက်ပေးဆပ်ငွေ | ရင်းနှီးငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | **ပြည်ထဲရေး** | တိုင်းဒေသကြီးဝန်ကြီးချုပ် | **၁၁၅၂၈.၁၅၀** | | **၁၅.၀၀၀** | **၄၁၀၄.၇၃၀** | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | သို့မဟုတ် | ၈၆၉၉.၁၅၅ | | ၁၅.၀၀၀ | ၁၈၆၀.၇၆၅ | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | တိုင်းဒေသကြီးဝန်ကြီးချုပ်က | ၂၈၂.၉၁၇ | | | ၃၂၄.၁၇၄ | | | |
| | ၃ | မီးသတ်ဦးစီးဌာန | တာဝန်ပေးသူ | ၂၅၄၆.၀၇၈ | | | ၁၉၁၉.၇၉၁ | | | |
| ၂ | | **စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း** | ၎င်း | **၇၄၁၈.၈၁၅** | | | **၁၄၉၈.၆၉၉** | | | |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | ၄၉၀၂.၃၆၂ | | | ၉၇၅.၂၅၀ | | | |
| | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | ၄၅၄.၈၄၃ | | | ၃၄၇.၇၆၉ | | | |
| | ၃ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၇၂၆.၈၄၂ | | | ၄၅.၇၃၀ | | | |
| | ၄ | ပျားလုပ်ငန်းဌာန | | ၅၈.၄၇၈ | | | ၁၀.၂၀၀ | | | |
| | ၅ | သမဝါယမဦးစီးဌာန | | ၁၁၆၃.၀၉၄ | | | ၃၄.၁၈၀ | | | |
| | ၆ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၁၁၃.၁၉၆ | | | ၈၅.၅၇၀ | | | |
| ၃ | | **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၎င်း | **၃၀၅၈.၀၀၅** | | | **၅၆၃.၀၅၁** | | | |
| | ၁ | သစ်တောဦးစီးဌာန | | ၂၉၇၆.၈၃၄ | | | ၄၄၄.၉၀၀ | | | |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | ၈၁.၁၇၁ | | | ၁၁၈.၁၅၁ | | | |
| ၄ | | **ကျန်းမာရေးနှင့်အားကစား** | ၎င်း | **၈၀၆.၉၄၅** | | | **၆၄၉.၄၂၃** | | | |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | ၈၀၆.၉၄၅ | | | ၆၄၉.၄၂၃ | | | |

တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၄)။ ။အဆုံး

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၅ | | **စီမံကိန်းနှင့်ဘဏ္ဍာရေး** | တိုင်းဒေသကြီးဝန်ကြီးချုပ် | **၁၀၁၁.၀၀၅** | | | **၆၃၃.၇၈၈** | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | သို့မဟုတ် | ၆၁၁.၂၀၄ | | | ၂၆၆.၃၀၀ | | | |
| | ၂ | ဗဟိုစာရင်းအင်းအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ်က | ၂၉၆.၉၃၉ | | | ၄၉.၂၀၀ | | | |
| | ၃ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | တာဝန်ပေးသူ | ၈၆.၅၇၇ | | | ၂၁၈.၄၀၀ | | | |
| | ၄ | ပဲခူးတိုင်းဒေသကြီးကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီရုံး | | ၁၆.၂၈၅ | | | ၉၉.၈၈၈ | | | |
| ၆ | | **ဆောက်လုပ်ရေး** | ၎င်း | **၁၁၄၇၂.၇၈၅** | | | **၅၀၉၄၇.၄၀၁** | | | |
| | ၁ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | ၂၁၆.၇၉၈ | | | ၄၁၀၆.၂၇၄ | | | |
| | ၂ | လမ်းဦးစီးဌာန | | ၁၁၂၅၅.၉၈၇ | | | ၄၆၈၄၁.၁၂၇ | | | |
| ၇ | | **စည်ပင်သာယာရေးအဖွဲ့များ** | ၎င်း | **၅၄၇၇.၆၁၁** | | | **၁၃၈၉၄.၆၉၂** | | | |
| | | ပေါင်း | | ၄၀၇၇၃.၃၁၆ | | ၁၅.၀၀၀ | ၇၂၂၉၁.၇၈၄ | | | |

၁၆

# တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၅)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြား သာမန် ရငွေ | အတိုးရငွေ | ငွေလုံး ငွေရင်း ရငွေ | ပြည်ပ အကူအညီ ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြေးမြီ | | အဖွဲ့အစည်းများ တွင်ရင်းနှီးငွေ မှရငွေ |
| | | | | | | | | | | | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | | လျှပ်စစ်နှင့်စွမ်းအင် | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၁.၇၀၀ | | | | | | | |
| | ၁ | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | | | | ၁.၇၀၀ | | | | | | | |
| | | ပေါင်း | | | | ၁.၇၀၀ | | | | | | | |

<u>လျှို့ဝှက်</u>



## တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၆)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေ အတွက်ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | **လျှပ်စစ်နှင့်စွမ်းအင်** | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | **၃.၇၅၁** | | | **၉၉၃၀.၆၅၀** | | | |
| | ၁ | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | | ၃.၇၅၁ | | | ၉၉၃၀.၆၅၀ | | | |
| | | ပေါင်း | | ၃.၇၅၁ | | | ၉၉၃၀.၆၅၀ | | | |

<u>လျှို့ဝှက်</u>